ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကြံခင်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း(ဒုတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



# ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်

# Village Development plan

ဆိပ်သာကျေးရွာ၊ဆုံလဲ အုပ်စု

၂၀၁၇ခုနှစ် ကြံခင်းမြို့

**မာတိကာ**


၁။မြို့နယ်မြေပုံ

၂။ကျေးရွာအုပ်စုမြေပုံ (တည်နေရာ)

၃။အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ကျေးရွာအခြေခံအချက်လက်များ

၅။လူမှုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား

၆။ကျေးရွာဖွံ့ဖြိုးရေးအစီစဉ် အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုခြင်းစီအတွက် သုံးသက် ချက်များ

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီစဉ် ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ

၈။ကော်မတီဝင်များစာရင်း

၉။ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀။စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁။ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီစဉ် (ပုံစံ-၃)

၁၂။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)

၁၃။အစည်းဝေးမှတ်တမ်းများ


၁၄။ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁။ မြို့နယ်မြေပုံ




Village map

## ၂။ ကျေးရွာမြေပုံ (တည်နေရာ)




ဆိပ်သာကျေးရွာ မြေပုံ

ဧရာဝတီတိုင်းဒေသကြီး
ကြံခင်းမြို့နယ်
ဆုံလဲကျေးရွာအုပ်စု

**၃။ ဆုံလဲကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း**

၁။ မြေခြားကျေးရွာ
၂။ ကျောက်စရစ်ကုန်း
၃။ ကျွန်းကြီး
၄။ သစ်စိမ့်ကုန်း
၅။ အိုးဖိုကုန်း
၆။ ပေါက်တိုင်း
၇။ ဆီဆုံကုန်း
၈။ ရှမ်းစု
၉။ ဓမ္မိ
၁၀။ ဆုံလဲ
၁၁။ သဲဖြူ
၁၂။ သပြေလှ
၁၃။ မြောင်(အုန်းကုန်း)
၁၄။ ရွာသစ်ကုန်း
၁၅။ ကျောင်းကုန်း
၁၆။ သပြေကုန်း
၁၇။ အောင်သပြေ
၁၈။ **ဆိပ်သာ**
၁၉။ ခုနစ်တာ

## ၄။ ကျေးရွာအခြေခံ အချက်အလက်များ

ကြံခင်းမြို့နယ် ၊ဆုံလဲအုပ်စု တွင် ကျေးရွာ(၁၉)ရွာရှိသည့်အနက်မှ ဆိပ်သာကျေးရွာသည်တစ်ရွာအပါအဝင်ဖြစ်ပါသည်။ ဆိပ်သာကျေးရွာသည် ဧရာဝတီမြစ်ကမ်းနဘေးတွင်တည်ရှိပြီး မက်သနော့စက်ရုံလည်းရှိပါသည်။ ဆိပ်သာကျေးရွာသည် အိမ်ထောင်စု ( ၃၂၈ ) အိမ်ထောင်စုရှိပြီး အမျိုးသား ( ၅၇၀ ) အမျိုးသမီး ၆၀၆ ဦးတို့နေထိုင်လျှက်ရှိပါသည်။

စီးပွားရေးလုပ်ငန်းအနေဖြင့် လယ်ယာလုပ်ငန်းများ ၊ တောင်ယာလုပ်ငန်းများ ၊ ကိုင်းလုပ်ငန်းအရောင်းအဝယ်လုပ်ငန်းများ၊ရေလုပ်ငန်းများ မော်တော်ယာဉ်လုပ်ငန်းများဖြင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများဖြင့် လုပ်ကိုင်စားသောက်နေထိုင်ကြပါသည်။ အချို့သောအိမ်ထောင်စုများမှာ လက်လုပ်လက်စားများဖြင့်လည်း လုပ်ကိုင်စားသောက်ကြပါသည်။

ကျန်းမာရေးအနေဖြင့် တိုက်နယ်ဆေးရုံရှိပြီး အခြေခံပညာအထက်တန်းကျောင်းမှာ ကျေးရွာ၏တောင်ဘက်တွင်တည်ရှိပါသည်။ ကျေးရွာတွင်းတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးနှင့် ကျေးရွာခန်းမဆောင်လည်းတည်ရှိပါသည်။ ကျေးရွာ မီးဘေးအန္တရာယ်ကာကွယ်ရေးအနေဖြင့်လည်း ကျေးရွာအုပ်စုပိုင်မီးသတ်ကားများလည်းတည်ရှိပါသည်။

ကျေးရွာမီးရေးအတွက်မြို့နယ်မှလည်းမီးသတ်ရေစင်ကိုဆောက်လုပ်ပေးထားပါသည်။ကျေးရွာသောက်သုံးရေအတွက်လည်း လူထုဗဟိုပြုစီမံကိန်းပထမနှစ်တွင် ရေတွင်း၊ ရေစက်ရုံ၊ ရေစင်တို့ကိုလည်း ကျေးရွာလူထုတောင်းဆိုသောကြောင့် ဆောင်ရွက်ခဲ့သည်။ကျေးရွာ၏ မျှော်မှန်းချက်အနေဖြင့်ကွန်ကရစ်မီးတိုင်လဲလှယ်ခြင်းလုပ်ငန်းကိုဆောင်ရွက်ကြရန်တောင်းဆိုထားကြပါသည်။ကျေးရွာတွင်ကျေးလက်ဈေးရှိသောကြောင့်ဈေးရောင်းဈေးဝယ်များဖြင့်လည်းစည်ကားပါသည်။ကျေးရွှကျေးရတွင်လည်း စက်ပြုပြင်ခြင်းလုပ်ငန်းများ၊ လျှပ်စစ်ကျွမ်းကျင်လုပ်သားများ၊ ဝန်ထမ်းများ၊ ရေပိုက် ပြုပြင်ခြင်း၊ လက်သမားများ၊ စသောလုပ်ငန်းများဖြင့်လည်းလုပ်ကိုင်ကြသည်။

ကျေးရွာသည် ဧရာဝတီမြစ်နှင့် နီးသောကြောင့် မြစ်ကျောက်၊ မြစ်သဲ၊ ရေထွက်ကုန်ပစ္စည်းများ

စသော ဒေသထွက်ကုန်များ ထွက်ရှိပါသည်။ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာန မှလည်းကျေးရွာလမ်းပန်းဆက်သွယ်ရေး အဆင်ပြေရန်အတွက် ကွန်ကရစ်လမ်းခင်းပေးသောကြောင့် လမ်းပန်းဆက်သွယ်ရေးအတွက် ကောင်းမွန်ခဲ့ပါသည်။

ကျေးရွာသည် စိတ်သဘောထား ကောင်းမွန်ကြပြီး ကျေးရွာအတွက် တိုးတက် ကောင်းမွန်အောင်ဆောင်ရွက်ရန် အသင့် စောင့်ကြို လုပ်ကိုင်ကြရန် မျှော်လင့်နေကြပါတော့သည်။


## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်း အမြစ်ပြမြေပုံ (Social Map& Resource Map) | ၄.၄.၂၀၁၉ | ရပ်မိရပ်ဖ၊ကော်မ တီဝင်များ၊ရပ်ရွာလူ ထုများ | ၇၅ | ၉၇ | ၁၇၂ | -ဒေသအတွင်း သဘာဂအရင်းအမြစ် များ<br>-လမ်းပန်းဆက်သွယ် ရေး<br>-လူမှုအဆောက်အဦး |
| ၂ | ရာသီခွင်ပြပြက္ခ ဒိန် (Seasonal Calender) | ၄.၄၂၂၀၁၉ | ကော်မတီဝင်နှင့် ရပ်ရွာလူထုများ | ၇၅ | ၉၇ | ၁၇၂ | ရာသီဥတု၊ အလုပ်အ ကိုင်အခွင့်အလမ်း များ၊ပွဲတော်များ၊ လယ်ယာလုပ်ငန်းများ နှင့်အခြားလုပ်ငန်းများ |
| ၃ | လူမှုစီးပွားအ ဆင့်သတ်မှတ် ခြင်း (Wealth Ranking) | ၄.၄.၂၀၁၉ | ချမ်းသာ၊အလယ်အ လတ်၊နွမ်းပါး၊အ လွန်နွမ်းပါး အုပ်စုများ | ၇၅ | ၉၇ | ၁၇၂ | -ကျေးရွာလူမှုစီးပွား အုပ်စုများ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက် အခြေခံစံနှုန်းများ အများသဘောတူ သတ်မှတ်နိုင်ရေး |
| ၄ | အဖွဲ့အစည်း ချိတ်ဆက်မှုပြ မြေပုံ(Venn Diagram) | ၄.၄၂၂၀၁၉ | ကျေးရွာအုပ်ချုပ် ရေးအဖွဲ့၊အခြားအဖွဲ့ တွင်ပါဂင်သူများ | ၇၅ | ၉၇ | ၁၇၂ | -ကျေးရွာတွင်း၊ပြင်ရှိအ ဖွဲ့အစည်းများမည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက် နေပုံ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | ၁.၁၂၀၁၉ | ကျေးရွာရှိအမျိုးသားနှင့် အမျိုးသမီးများ | ၇၅ | ၉၇ | ၁၇၂ | -နေ့စဉ်ဘ၀အတွက် ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသ မီးတို့၏ပါ၀င်နိုင်မှုအချိုး -အမျိုးသားနှင့်အမျိုးသမီး တန်းတူအခွင့်အရေးရရှိနိုင်မှုအပေါ် သုံးသပ်ချက် |
| ၆ | အရင်းအမြစ်အပေါ် အသုံးချနိုင်မှု၊လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု (Asset Mapping) | ၂.၁၂၀၁၉ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၈၆ | ၁၀၅ | ၁၉၁ | -အရင်းအမြစ်များအပေါ် တွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့်ထိန်ချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာ ခံစားခွင့်ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | ၂.၁.၂၀၁၉ | ကော်မတီ၀င်များနှင့် ရပ်ရွာလူထုများ | ၈၆ | ၁၀၅ | ၁၉၁ | ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ၊ လိုအပ်ချက်များ |
| ၈ | ကျေးရွာမျှော်မှန်းချက် (Village Vision) | ၂.၁၂၀၁၉ | ကော်မတီ၀င်များနှင့် ရပ်ရွာလူထုများ | ၈၆ | ၁၀၅ | ၁၉၁ | ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျှော်မှန်းထားသလဲ၊ ဘာ့ကြောင့်မျှော်မှန်းထားသလဲ |
| ၁၀ | ကျေးရွာဦးစားပေးလုပ်ငန်းများ | ၂.၁၁.၂၀၁၉ | ကော်မတီ၀င်များနှင့်ရပ်ရွာလူထုများ တက်ရောက်လာသူအားလုံး | ၈၆ | ၁၀၅ | ၁၉၁ | အကျိုးပြုသူဦးရေ၊အကျိုးခံစားခွင့်၊ လိုအပ်ချက် အဆင့်သတ်မှတ်ခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (က) လူမှုနှင့်သဘာဝအရင်းပြမြေပုံ နှင့် သုံးသပ်ချက်



## လူမှုနှင့်သဘာဂအရင်းအမြစ်များပြမြေပုံ  အပေါ်သုံးသပ်ချက်

**ဒေသတွင်း သဘာဝအရင်းအမြစ်များ**

- ကျေးရွာတွင်းရှိ သည့်အရင်းအမြစ်များမှ ကွန်ကရစ်လမ်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ လျှပ်စစ်မီး၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ဈေး၊ ရောဝတီမြစ်၊ ကျေးရွာခန်းမ၊ ရေတွင်း၊ ရေတုံကင်၊ ကျောက်စရစ်၊ သဲ၊ ဆွမ်းကျောင်း၊ ဘုန်းကြီးကျောင်း၊ စေတီ၊ မတ်သနော စက်ရုံရှိသော်လည်း ယခုအခါတွင် မလည်တော့ပေ။ အုပ်စုတွင် လူဦးရေများပြားသော ကျေးရွာဖြစ်ပေသည်။

**လူမှုအဆောက်အဦးများ**

- ကျေးရွာတွင်းရှိသော  လူနေမှုအဆင့်အတန်းများ ကျေးရွာတွင်း  ဘုန်းကြီးကျောင်း၊ စေတီ၊ ကွန်ကရစ်လမ်း၊  လျှပ်စစ်မီး၊  ခန်းမစသောအခြေခံကောင်းသောအဆောက်အအုံများပြည့် စုံသောကျေးရွာဖြစ်လေသည်။ လူထုဗဟိုပြုစီမံကိန်း စတင်ဝင်ရောက်သော အခါ ရေရှိရေး အတွက် ရေစည်၊  ရေတွင်း၊  ရေစက်ရုံ တို့ဆောင်ရွက်  ခဲ့သေ ာ်လည်း   ရေဖြန့်ဝေရေး အတွက် ကျေးရွာမှ ဆက်လက်ဆောင်ရွက်ရန်   ဆောင်ရွက်ကြသည်။   မီးသတ်ရေစည်၊ မီးသတ်ကား၊ မီးသတ်အဖွဲ့များ လည်းရှိကြသည်။

**လမ်းပန်းဆက်သွယ်ရေး**

ဆက်သွယ်ရေး  အတွက်  ကွန်ကရစ်လမ်း  ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ကြောင်းတွေ့ရပါသည်။  ရေလမ်းမှလည်း  သွားလာ၍ ရပါသည်။

**ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး**

- ပညာရေး အနေဖြင့်  အထက်တန်းကျောင်းခွဲ ရှိသောကြောင့် အဆင်ပြေကြသည်။
- ကျန်းမာရေးအနေဖြင့်ဆိပ်သာတိုက်နယ်ဆေးရုံ၊ကြံခင်းဆေးရုံတို့တွင်သွားရောက်ကုသကြ ရပါသည်။
- စီးပွားရေး အနေဖြင့် အရောင်းအဝယ် ၊မွေးမြူရေး၊ ကျပန်း၊ ရေလုပ်ငန်း၊ ဝန်ထမ်းများ စသည် တို့ကိုဆောင်ရွက်ကြသည်။

  ကျေးရွာတွင် လျှပ်စစ်မီးရရှိသောကြောင့် ကျေးရွာမီးလင်းရေးအတွက်ကောင်းမွန်သော ကျေးရွာဖြစ်သည်။
- ပါဝင်ဆွေးနွေးသူကျား(၇၅)၊မ(၉၇)ဦးတို့နှင့်ဖော်ထုတ်ခဲ့ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(ခ) ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်



ရာသီခွင်ပြပြက္ခဒိန်

# ရာသီစွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

## ရာသီဥတု၊

- တန်ခူး၊ ကဆုန်၊တော်သလင်း၊ တပို့တွဲ၊ တပေါင်းလများတွင်နေပူပြင်းပြီး၊ နယုန်၊ ဝါဆို၊ ဝါခေါင်လသည်မိုးရွာသောလများဖြစ်ပြီး၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ စသောလများသည် ချမ်းအေးပြီးနှင်းကြသောလများဖြစ်သည်။

## အလုပ်အကိုင်နှင့် ဝင်ငွေ

- တန်ခူး၊ ကဆုန်၊ လများတွင် အလုပ်အကိုင်ရှားပါး သောကြောင့် ကျပန်းလုပ်ငန်း ဆောင်ရွက်ကြသောကြောင့် ကျား(၅၀၀၀) ကျပ်ရရှိကြပြီး၊ အမျိုးသမီးများမှာ အလုပ်ရှားပါးသောကြောင့် ဝင်ငွေ(၄၀၀၀) သာရရှိကြသည်။ နယုန်လ တွင် ပဲစိုက်သောအချိန်ဖြစ်ပြီး၊ တချို့မှာ ကျပန်းလုပ်သားများသောကြောင့် ကျား(၅၀၀၀)၊ မ(၄၀၀၀) ကျပ်စီဝင်ငွေရကြပါသည်။
- ဝါဆို၊ ဝါခေါင် လများတွင် လယ်စိုက်သောလများ ဖြစ်သော်လည်း ကျပန်း လုပ်သားများရှိသောကြောင့် ကျာ း(၅၀၀၀) ၊မ (၄၀၀၀) ကျပ်စီသာ ရရှိပါသည်။
- တော်သလင်း၊ သီတင်းကျွတ် လများတွင် နမ်း၊ ကိုင်းများစိုက်ပျိုးသော လများဖြစ်ပြီး၊ လယ်များလည်းရိတ်သိမ်း ကြပြီး ၊တန်ဆောင်မုန်း တွင်ကိုင်းစိုက်ကြပြီး၊ နတ်တော်လတွင်ကျပန်းအလုပ်များသာ ရှိကြသည်။ ပြာသို ၊ တပိုတွဲ လများတွင် ကိုင်းသိမ်းသောအချိန် ဖြစ်ကြပြီး၊ တပေါင်းလတွင် ကြုံရာ ကျပန်း လုပ်ငန်းများသာ ဆောင်ရွက်ကြသည်။ နေ့စားအလုပ်များ မှာ ကျား(၅၀၀၀)၊ မ(၄၀၀၀) ကျပ်စီသာ ရရှိကြပါသည်။

## ပွဲတော်

- တန်ခူးလတွင် အတာသင်္ကြန်ရေကစားပွဲတော် ကျင်းပကြပြီး၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်များ ၊တန်ဆောင်မုန်းလတွင်ကထိန်ပွဲတော်ကိုလအလိုက်ကျင်းပကြပါသည်။

## ကျန်းမာရေး

- တန်ခူး၊ ကဆုန် လများတွင် အပူနာများဖြစ်သော လည်ချောင်းနာ၊ မျက်စိနာ များဖြစ်တတ်ကြပြီး၊ဝါခေါင်၊ တန်ဆောင်မုန်း လများတွင် တုတ်ကွေးရောဂါ အဖြစ်များကြပြီး၊ ဂရုစိုက်ကြပါသည်။ ကျန်သောလများတွင် ကျန်းမာရေး အသင့်အတင့်ကောင်းမွန်သော လများဖြစ်ကြသည်။

**ဒေသထွက်အစားအစာ**

ဒေသထွက်ကုန် အနေဖြင့် သီတင်းကျွတ်၊ လများတွင် စပါး များ စွာ ထွက်ပါသည်။ ပြာသို၊ တပိုတွဲ လများတွင် ပဲအမျိုး ၊ နှမ်း၊ တို့အများအပြား ထွက်သောကြောင့် အဆင်ပြေသောလများဖြစ်သည်။

**ရေရှားပါးမှု**

- နယုန် ၊ ဝါဆို၊ ဝါခေါင်၊ လများတွင် ရေရှားပါးသော လများဖြစ်ကြပြီး ကျန်လများတွင် ရေရှား ပါးမှု အနည်းငယ်သာ ရှိကြသည်။


**သဘာဝဘေးအန္တရာယ်**

- ဝါဆို၊ ဝါခေါင် လများတွင် ရေကြီး၊ ရေလျှံသော လများဖြစ်သော်ကြောင့် ရေကြီးပါသည်။ ကျန်လများတွင် ကောင်းမွန်ပါသည်။

- ပါဝင်ရေးဆွဲသူကျား (၇၅) ၊မ(၉၇) ဦးတို့နှင့်အတူဆွေးနွေးဖော်ထုတ်ရေခဲ့ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(က) <u>လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းနှင့် သုံးသပ်ချက်</u>



ဆိပ်သာကျေးရွာ ချမ်းသာကြွယ်ဝမှု အဆင့်သတ်မှတ်ချက်

၅ ၊ ၁ ၊ ၂၀၁၇

| အဆင့် | သတ်မှတ်ချက်များ | အိမ်ထောင်စု | ရာခိုင်နှုန်း % | မှတ်ချက် |
|---|---|---|---|---|
| က | [illegible] | ၄၇ | ၁၅ % | |
| ခ | [illegible] | ၁၂၅ | ၄၇ % | |
| ဂ | [illegible] | ၁၂၅ | ၄၂ % | |
| ဃ | — | - | - | |
| | စုစုပေါင်း → | ၂၉၇ | ၁၀၀ % | |

လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

## လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းအား သုံးသပ်ချက်

ကျေးရွာလူမှုစီးပွားအုပ်စုများ ခွဲခြားသတ်မှတ်နိုင်ရေး

- ရွာသူ/သားများအားလုံးပူးပေါင်း၍ ချမ်းသာသူများကို အဆင့် (က)၊ အသင့်အတင့် နေနိုင်သူများကို အဆင့်(ခ)၊ နွမ်းပါးသူများကို အဆင့်(ဂ)၊ အဖြစ်(၃)မျိုးသတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

အဆင့်အလိုက် အခြေခံစံနှုန်းများ အများသဘောတူသတ်မှတ်နိုင်ရေး

ရွာသူရွာသားများသည်၎င်းတို့ကျေးရွာ၏နေထိုင်မှုအခြေအနေပေါ်မူတည်ပြီးသတ်မှတ်ရာတွင် အဆင့်(က) တွင် သွပ်မိုး၊ တိုက်ခံ အိမ်၊ ကား၊ ဆိုင်ကယ်၊ ဖုန်း၊ စတိုးဆိုင်၊ TV (အပေါ်၊ အောက်)၊ လယ်၊ ကိုင်း၊ မော်တော်၊ ငါးဖမ်းစက်လှေ၊ ပိုက်၊ မွေးမြူရေး၊ ဝန်ထမ်းများ၊ ကုန်သည်၊ အရောင်းအဝယ် လုပ်ငန်းများ၊ ဝမ်းစာ ဖူလုံမှု (၁၀) နှစ်ရှိသော အိမ်ထောင်စု များပါဝင်သည်။

အဆင့် (ခ) တွင် သွပ်မိုး ပျဉ်ထောင် အိမ်၊ လယ် ၊ ကိုင်း၊ TV (အပေါ်၊ အောက်) ၊ ကုန်စုံဆိုင်၊ ဆိုင်ကယ်၊ ဖုန်း ၊ ပိုက်၊ ငါးဖမ်းစက်လှေ၊ ဝန်ထမ်း များ၊ ကုန်သည်၊ အရောင်းအဝယ် လုပ်ငန်း၊ ဆိုင်ကယ် ပြင်ဆိုင်၊ ဝမ်းစာ ဖူလုံမှု (၃) နှစ်၊ ရှိသော အိမ်ထောင်စုများ ပါဝင်သည်။

အဆင့် (ဂ) တွင် သွပ်မိုး ထရံကာ အိမ်၊ ဆိုင် ကယ်၊ ကုန်စုံဆိုင် သေး၊ ဝန်ထမ်း၊ ပင်စင်စားများ လက်လုပ်လက်စား များစသော အိမ်ထောင်စုများပါဝင်သည်။


ကျေးရွာလူမှုစီးပွားရေး အခြေအနေကိုသုံးသပ်မိခြင်း

- ကျေးရွာတွင် အဆင့်(က) ၄၃အိမ်၊ အဆင့် (ခ) ၁၂၅အိမ် ၊အဆင့်(ဂ) ၁၂၅ အိမ်ရှိနေပြီး၊ အဆင့်များကိုကြည့်ခြင်းအားဖြင့်ကျေးရွာ၏စီးပွားရေးအခြေအနေများကိုသိရှိနိုင်သည်။

ပါဝင်ရေးဆွဲသူကျား(၇၅)၊ မ(၉၇)ဦးတို့နှင့်ဆွေးနွေးဖော်ထုတ်ခဲ့ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

<u>(ဃ) အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံနှင့် သုံးသပ်ချက်</u>




အဖွဲ့အစည်း ချိတ်ဆက်ပြမြေပုံ

**အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်**

ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ


ဆိပ်သာကျေးရွာတွင် ကျေးရွာ၊ အုပ်စု အုပ်ချုပ်ရေးအဖွဲ့ ၊ ဆေးရုံကော်မတီ၊ ကျေးရွာလမ်းကော်မတီ၊ အ.ထ.က စာသင်ကျောင်းကော်မတီ၊ လျှပ်စစ်မီးကော်မတီ၊ အရံမီးသတ်တပ်ဖွဲ့ နာရေးကူညီမှုအသင်း၊ ကရုဏာသွေးအလှူရှင်အသင်း၊ ကြည်သာဇော် ကိုင်းသမဈေးငွေအသင်း၊ လူထုဗဟိုပြု စီမံကိန်းကော်မတီ စသည်တို့ရှိပါသည်။

မည်သည့်အဖွဲ့အစည်းများနှင့် မည်သို့ချိတ်ဆက်လုပ်ဆောင်နေပုံ

- ကျေးရွာတွင်း တွင် အုပ်ချုပ်ရေး အဖွဲ့၊ အရံမီးသတ်အဖွဲ့ တို့သည် အင်အားကြီးမားသော အဖွဲ့များဖြစ်ပြီး ၊လမ်းကော်မတီ၊ ဆေးရုံကော်မတီ၊ မီးကော်မတီ၊ ကျောင်းကော်မတီ၊ နာရေးကူညီမှု အသင်း၊ သွေးအလှူရှင် အသင်း၊ သမဈေးငွေ အသင်း၊ လူထုဗဟိုပြု စီမံကိန်း ကော်မတီ စသည်အဖွဲ့များသည် အချင်းချင် း ချိတ်ဆက်ဆောင်ရွက်ကြပြီး ပြင်ပ အဖွဲ့ အစည်များနှင့် လည်းချိတ်ဆက်ဆောင်ရွက် နေကြပါသည်။
- ပါဝင်ရေးဆွဲသူကျား(၇၅)၊မ(၉၇)ဦးတို့နှင့်ဖော်ထုတ်ခဲ့ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(င) ပင့်ကူအိမ်ကွန်ယက် နှင့် သုံးသပ်ချက်



ပင့်ကူအိမ်ကွန်ယက်သုံးသပ်ချက်


**ပင့်ကူအိမ်ကွန်ယက် သုံးသပ်ချက်**

အကြောင်းအရာနှင့် ပါဝင်ဆွေးနွေးမှုများ

- အမျိုးသား၊ အမျိုးသမီးတို့၏ နေ့စဉ်လူနေမှုစနစ်တွင် တွေ့ကြုံနေရသည့် အချက်အလက်များပေါ်တွင် ကျေးရွာတွင်းရှိသူများ၏ အမျိုးသား/သမီး အားသာချက်၊ အားနည်းချက်များကို ရှာဖွေကြသည်။
- " အုပ်ချုပ်မှု" အပိုင်းတွင်အမျိုးသားများသည် အမျိုးသမီးများထက် ပါဝင်မှုပိုများပြီး၈၀% နှင့် ၆၀%ဖြစ်နေသည်။ အုပ်ချုပ်ရေးကိစ္စများကို အမျိုးသားများက အမျိုးသမီးများထက်ပိုမိုဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။
- ယုံကြည်မှု/လုံခြုံမှုတွင် အမျိုးသားများက ၇၀%၊ အမျိုးသမီးများက ၅၀%သာရှိ၍ ကျေးရွာ၏လက်ရှိအခြေအနေကို လက်ခံထားသည်။
- "အလုပ်အကိုင်" ကိစ္စတွင် အမျိုးသားများသည်၇၀% အမျိုးသမီးများမှာ ၅၀% ဖြစ်သောကြောင့်အမျိုးသားများ၊အမျိုးသမီးတန်းတူမ ရှိနေပါ။
- "အိမ်တွင်းမှု" တွင် အမျိုးသား ၄၀%၊ အမျိုးသမီး ၈၀% ရှိပြီး အမျိုးသမီးများက ထုံးတမ်းစဉ်လာအတိုင်း ပိုမိုလုပ်ဆောင်နိုင်ကြသည်။
- "ဝင်ငွေ" ရှာဖွေနိုင်မှုတွင် အမျိုးသား ၈၀% နှင့် အမျိုးသမီး ၅၀% ရှိပြီး၊ အမျိုးသားများက ဒေသအခြေအနေအရ အလုပ်အကိုင်အခွင့်အလမ်းပိုမိုများပြားသည် ကိုတွေ့ရှိရပါသည်။
- "ကျန်းမာရေး" စောင့်ရှောက်မှုတွင် အမျိုးသားများက အမျိုးသမီးများလို ဂရုတစိုက်မရှိနိုင်သည်ကို တွေ့ရပါသည်။
- "ပညာရေး" လက်လှမ်းမှီမှုတွင်လည်း အမျိုးသား (၅၀%)၊ အမျိုးသမီးများ (၆၀%) ရှိကြသည်။
- "အဖွဲ့အစည်းပူးပေါင်းပါဝင်မှု" တွင် ရွာ၏ သာရေးနာရေး၊ ဘာသာရေး၊ လူမှုရေးကိစ္စများတွင် အမျိုးသား(၆၀%)၊ အမျိုသမီးများ ပူးပေါင်းဆောင်ရွက်ကြသည်ကို တွေ့ရသော်လည်း(၅၀%)သာလက်ခံထားကြသည်။
- "ပစ္စည်းဥစ္စာစုဆောင်းမှု" တွင်အမျိုးသားများ၅၀%၊အမျိုးသမီး၈၀% ဖြစ်ကြခြင်းမှာ အမျိုးသမီးများမှာ ငွေကြေးစီမံခန့်ခွဲသောကြောင့် ဖြစ်ပါသည်။'
- ပါဝင်ရေးဆွဲသူကျား ၇၅ ၊မ ၉၇ ၊ဦးတို့နှင့်ဆွေးနွေးရေးဆွဲခဲ့ပါသည်။


၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

<u>(စ) အရင်းအမြစ်များအပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှုအပေါ် သုံးသပ်ခြင်း</u>



## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (စ) အရင်းအမြစ်များအပေါ် အသုံးပြုမှု သုံးသပ်ချက်



**အရင်းမြစ်များပေါ်တွင် ပိုင်ဆိုင်မှု/ ထိန်းချုပ်မှု**

ဒေသတွင်းအသုံးပြုနိုင်သည့် အရင်းမြစ်များပေါ်သိမြင်မှု

- ရွာသူ၊ ရွာသားများအနေဖြင့် ၎င်းတို့အသုံးပြုနိုင်သည့် လက်ရှိအသုံးပြုနေသည့် သဘာဝအရင်းမြစ်များနှင့် လူမှုအရင်းမြစ်များအပေါ်တွင် ကောင်းစွာသိရှိနိုင်မှု နည်းပါးသည်ကိုတွေ့ရှိရသည်။

အရင်းမြစ်များအပေါ် အသုံးပြုမှုအခြေအနေ


- အရင်းမြစ်များအပေါ်တွင် အသုံးပြုမှုကို အမျိုးသား၊ အမျိုးသမီးအသုံးပြုမှု အနေဖြင့် ကောင်းစွာခွဲခြားနိုင်စွမ်းမရှိဘဲ ရောထွေးနေပြီး အားလုံးတူညီစွာသုံးစွဲသည်ဟု အဖြေထွက်လာသည်။

အရင်းမြစ်များပေါ်တွင် ထိန်းချုပ်မှုအခြေအနေ

- အမျိုးသား၊ အမျိုသမီးတူညီစွာ သုံးစွဲကြသည်ကို သိရှိသည်မှန်သော်လည်း၊ အသုံးပြုမှုအခြေကို အမျိုးသားများသာ ဦးဆောင်ကြောင်းကို အမျိုးသမီးများကလည်း တင်ပြသည်ကို တွေ့ရှိရသည်။
- ပါဝင်ဆွေးနွေးသူ ကျား(၈၆ )၊ မ(၁၀၅)ဦးတို့နှင့်အတူရေးဆွဲခဲ့ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(ဆ) အခက်အခဲပြဿနာများ





အခက်အခဲပြဿနာ သုံးသပ်ချက်

- ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အတားအဆီးများ ဖြစ်နေသည့်အခက်အခဲပြဿနာများဖြစ်သည် တို့ကိုအမျိုးသား ဘက်မှတင်ပြမှုတွင် စည်းလုံးညီညွတ်မှုအားနည်းခြင်း တင်ပြဆွေးနွေးကြပြီး အမျိုးသမီးများဘက်မှလည်း ငွေကြေး၊အလုပ်သမားရှားပါးခြင်းဦးဆောင်မည့်သူ အခက်အခဲ၊အလုပ်အကိုင်ရှားပါးခြင်း၊စည်းလုံးညီညွတ်မှု အားနည်းခြင်းနောက်လိုက်ကောင်းအားနည်းခြင်း စသည်တို့ကိုလည်းဆွေးနွေးကြပါသည်။ ပါဝင်ဆွေးနွေးသူ ကျား(၈၆)၊ မ(၁၀၅) ဦးတို့နှင့်ဖော်ထုတ်ခဲ့ပါသည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

**<u>(ဇ) ကျေးရွာမျှော်မှန်းချက်</u>**



**ကျေးရွာ (၄) နှစ်စာမျှော်မှန်းချက်များ သုံးသပ်ချက်**


` ဆိပ်သာ ကျေးရွာသည် ပထမနှစ်လူထုဗဟိုပြုစီမံကိန်းတွင် ကျေးရွာတွင်းရေရှိရေး ဆောင်ရွက်ခဲ့သော်လည်းအမျိုးသားများဘက်မှလျှပ်စစ်မီးလင်းရေး၊စာပေဗဟုသုတအတွက်စာကြည့် တိုက်၊ ၊ ခန်းမ၊ မီးသတ်ကား၊ အိမ်ခြံ ယာ များလိုအပ်ကြောင်း ဆွေးနွေးတင်ပြကြသည်။

အမျိုးသမီးများဘက်မှလည်း စည်ပင်သာယာ ဈေး၊ မူကြိုကျောင်း ၊ ရေဖြန့်ဝေရေး စသည် တို့ကို တင်ပြကြပါသည်။

ကျား(၈၆)၊ မ(၁၀၅)ဦး တို့နှင့်အတူဆွေးနွေးဖော်ထုတ်နိုင်ခဲ့ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

<u>(ည) ကျေးရွာဦးစားပေးလုပ်ငန်းများ နှင့် သုံးသက်ချက်</u>




ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

**ဦးစားပေးလုပ်ငန်း ရွေးချယ်သတ်မှတ်ချက် သုံးသပ်မှု**

ကျေးရွာလူထုမှ စုပေါင်းတင်ပြရွေးချယ်ထားသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

၁။ ကွန်ကရစ် မီးတိုင်၊ ၁၁၆ မဲ (ကျား)

၂။ ရေဖြန့်ဝေရေး ၂၅ မဲ (ကျား)

၃။ ခန်းမဆောင် (ကျား)

၄။ စာကြည့်တိုက် (မ)

၅။ ဈေးမြေနေယာ (မ)

၆။ မီးသတ်ကား (ကျား)

၇။ ဆိုလာ မီး (ကျား)

စသည်ဖြင့်ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်များကို ဦးစားပေးအလိုက်ရွေးချယ်ထားပါသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ





ကျေးရွာလူထု ပူးပေါင်းပါဝင်သောကျေးရွာအစည်းဝေးဆောင်ရွက်နေမှု





ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ

ကျေးရွာ စီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်စု ။ ဆုံလဲ ကျေးရွာ ။ ဆိပ်ပြင်အဘ

စတင်ဖွဲ့စည်းသည့်ရက်စွဲ ။ ၆.၁.၂၀၁၇

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဋ္ဌ | ဦးဖြေဝင်း | - | ကျွန်း၊ ဥဒ် |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်ပန်းဝေ | 09.792736501 | ရွာ |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးအောင်ကိုလွင် | 09.256093623 | " |
| ၄ | | အဖွဲ့ဝင် | ဒေါ်စန္ဒာဝင်းမြင့် | 09451191264 | " |
| ၅ | | အဖွဲ့ဝင် | - | | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်မြမြချို | 09.784772538 | ကျွမ်း |
| ၇ | | အဖွဲ့ဝင် | ဦးခင်ညို | - | ကျွမ်း |
| ၈ | | အဖွဲ့ဝင် | | | |
| ၉ | လည်ပတ်ရေး နှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်နီလာဝင်း | 09.781977675 | ကျောင်း |
| ၁၀ | | အဖွဲ့ဝင် | ဦးသန့်ဇော်အောင် | 09.791116837 | ကျွမ်း |
| ၁၁ | | အဖွဲ့ဝင် | | | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးခင်စိုး | [illegible] | ရွာ |
| ၁၃ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးသန်းထွန်း | 09.795566487 | တောင် |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်သဲနွယ်အောင် | 09.770653871 | ရွာ |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးသန်းစိုး | 09.250803383 | တောင် |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်ယုယလှိုင် | — | တောင် |

" ဦးလှဝင်း 09.774359838 ကျောင်း

" ဒေါ်သန်းမြ ② 09.979904997 ရွာ

တာဝန်ကျဝန်ထမ်းများ

ဦးသိန်းဇော် - လူထုစည်းရုံးရေးမှူး

ဦးသန့်ဦး - လက်ထောက်နည်းပညာမှူး

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးမြင့်ကျော် | ၀၉. ၇၉၃၃၈၈၇၆၈. | ဦးသန်းဇော် |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| [illegible] | [illegible] | ဆုံလဲ | ဆိပ်ဘာ |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၃၂၈ | ဘာသာ (၁) ဗုဒ္ဓ | ၃၂၈. |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ကျား ၉ မ ၆ | | ၂၉၈ . အိမ်. |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား ၃၅ မ ၄၄. | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ဗမာ | ၅၇၀ | ၆၀၆ |
| လူမျိုးစု (၂)----------- | | |
| လူမျိုးစု (၃)----------- | | |
| အိမ်ထောင်ဦးစီး | ၂၄၁ | ၈၇ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☑ | ဆေးရုံ | ☑ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | |
|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☑ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက်<br>ခရစ်ယာန်ဘုရားကျောင်း | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☑ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☑ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| တ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း (ဝိုင်းထား) မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း (ဝိုင်းထား) လူသွားလမ်း အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — **ရှိပါသည်** (ဝိုင်းထား)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၁၃ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — **ပြုခဲ့ပါသည်** (ဝိုင်းထား)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်------၉ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----၁၅ မိနစ်---- ထော်လာဂျီ/**မော်တော်ဆိုင်ကယ်** (ဝိုင်းထား)/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်----၁၅ မိနစ်---------- ထော်လာဂျီ/**မော်တော်ဆိုင်ကယ်** (ဝိုင်းထား)/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---ရေကြီး ရေလျှံ-----

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ဈေးဆိုင်ကော်မတီ (၄) လျှပ်စစ်မီးကော်မတီ (၇) နာရေးကူညီမှု

(၂) ကျောင်းကော်မတီ (၅) ကရုဏာ ထွေးအလှူရှင် (၈) ကြည်သာအေး ကိုင်းသမားငွေချေး (သမ)

(၃) လမ်းကော်မတီ (၆) အရံမီးသတ်

ကျေးရွာခေါင်းဆောင် အမည် ဦးမြင့်ကျော် (အုပ်ချုပ်ရေးမှူး)

လက်မှတ် Kyaw; နေ့စွဲ ၆.၁.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဦးသိန်းဇော်

လက်မှတ် [signature] နေ့စွဲ ၆.၁.၂၀၁၇

## ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးသိန်းဇော် | | | |
| နေ့စွဲ ၅ . ၁ . ၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ညီလ | ကျေးရွာ ဆိပ်သာ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၅.၁.၁၇ | ၅.၁.၁၇ | ၇၅ | ၉၇ | ၁၇၂ | ဗမာ ၁၇၂ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၆.၁.၁၇ | ၆.၁.၁၇ | ၈၆ | ၁၀၅ | ၁၉၁ | ဗမာ ၁၉၁ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၇.၁.၁၇ | ၁၇.၁.၁၇ | ၄၁ | ၅၃ | ၉၄ | ဗမာ ၉၄ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၆.၂.၁၇ | ၁၆.၂.၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၁၆.၂.၁၇ | ၁၆.၂.၁၇ | ၁၅ | ၁၃ | ၂၈ | ဗမာ ၂၈ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၉.၂.၁၇ | ၉.၂.၁၇ | ၁၆ | ၂၆ | ၄၂ | ဗမာ ၄၂ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၂၇.၂.၁၇ | ၂၇.၂.၁၇ | ၅၀ | ၂၉ | ၇၉ | ဗဟာ | ၇၉ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၂၇.၂.၁၇ | ၂၇.၂.၁၇ | ၅၀ | ၂၉ | ၇၉ | ဗဟာ | ၇၉ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၂၇.၂.၁၇ | ၂၇.၂.၁၇ | ၅၀ | ၂၉ | ၇၉ | ဗဟာ | ၇၉ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | ၈.၃.၁၇ | ၈.၃.၁၇ | ၂၉ | ၂၀ | ၄၉ | ဗဟာ | ၄၉ |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | ၁၄.၃.၁၇ | ၁၇.၃.၁၇ | ၁၆ | ၆ | ၂၂ | ဗဟာ | ၂၂ |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | ၁၈.၄.၁၇ | ၁၈.၄.၁၇ | ၁၇ | ၁၂ | ၂၉ | ဗဟာ | ၂၉ |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | ၂၅.၄.၁၇ | ၂၅.၄.၁၇ | ၇ | ၇ | ၁၄ | ဗဟာ | ၁၄ |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | ၂၉.၄.၁၇ | ၂၉.၄.၁၇ | ၇၁ | ၁၀၁ | ၁၇၂ | ဗဟာ | ၁၇၂ |

# ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးခိုင်ရီ ရှက် | | | |
| နေ့စွဲ ၆.၁.၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဆဲလဲ | ကျေးရွာ ဆိပ်သာ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ညီညွတ်မှု မရှိ | ၁ | ငွေကြေး |
| ၂ | | ၂ | မြေနေရာ |
| ၃ | | ၃ | အလုပ်အကိုင်ရှားပါး |
| ၄ | | ၄ | ဦးဆောင်မည့်သူ မရှိ |
| ၅ | | ၅ | ဈေးကွက်လိုက်ကောင်းလိုအပ် |
| ၆ | | ၆ | |
| ၇ | | ၇ | |

**ခ။ မျှော်မှန်းခြင်း** – နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကွန်ကရစ် မီးလိုင် | ၁ | စည်ပင်ဈေး |
| ၂ | သိန်းမ | ၂ | မူကြိုကျောင်း |
| ၃ | မီးသတ်ကား | ၃ | ရေဖြန့်ဝေရေး |
| ၄ | ဓာတ်ကြည့်ပိုက် | ၄ | |
| ၅ | မြေရေမြောင် | ၅ | |
| ၆ | | ၆ | |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ကွန်ကရစ်လမ်းခင်း | အမျိုးသား | ၁၆၃ | ၁၁၇၆ |
| ၂ | ရေဖြန့်ဝေရေး | အမျိုးသား | ၃၀ | ၁၁၇၆ |
| ၃ | ဆိုးမြောင်း | အမျိုးသား | ၇၅ | ၁၁၇၆ |
| ၄ | စာကြည့်တိုက် | အမျိုးသမီး | ၄၀ | ၁၁၇၆ |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဈေးဖြေရှာ | အမျိုးသမီး | |
| ၂ | မီးသတ်ကား | အမျိုးသား | |
| ၃ | ဆိုလာမီး | အမျိုးသမီး | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦး[illegible] လက်မှတ် [illegible] နေ့စွဲ ၆.၁.၂၀၁၇

ဒေါ်ပန်းဝေ လက်မှတ် [illegible] နေ့စွဲ ၆.၁.၂၀၁၇

ပုံစံPC-၄ကျေးရွာ ခွဲရွေးချယ်ခြင်းပုံစံ

| | |
|---|---|
| လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးသိန်းဇော် ၊ ဒေါ်အာလ်ခိုင် ၊ ဦးသန်းခိုင် (TF) | |
| နေ့စွဲ ၁၇. ၁ . ၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(√)□စက်ဝန်း(၁) ☑စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း- ဧရာဝတီ မြို့နယ်- ကြံခင်း | ကျေးရွာအုပ်စု ဆဲလဲ |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုး ခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု (သိန်း) | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ \| အမည်/အဖွဲ့ | စုစုပေါင်း |
| ဓနိခြား | ရွာတွင်းချောင်း ရေမြောက်လမ်း + ဓနိခြားသို့ မှ (မြေသား) | ၁၁၃၀'×၁၂'×၄" | ၃၇၂ | ☑အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၄၀ | - | - | ၄၀ |
| ကျောက်ရေစို ကုန်း | ရွာတွင်းချောင်း ကျောက်လမ်း | ၁၆၁၆'×၁၂'×၄" | ၂၅၀ | □အမျိုးသား ☑အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၂၈ | | | ၂၈ |
| သခင်ဆိပ်ကျင်း | ရွာတွင်းချောင်း ကျောက်လမ်း | ၁၉၉၆'×၁၂'×၄" | ၁၈၆ | ☑အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၃၄ | | | ၃၄ |
| | | | | □အမျိုးသား | | | | |

ပုံစံPC-၄ကျေးရွာအ . . . . . . ခွဲဝေချယ်ခြင်းပုံစံ

| | | |
|---|---|---|
| လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦး ဘိုနိုင် ၊ ဒေါ်အာကာမိုင် ၊ ဦး ခန့်ခိုင် (TF) | | |
| နေ့စွဲ ၁၇.၁.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓)☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း- ဧရာဝတီ | မြို့နယ်- ကြံခင်း | ကျေးရွာအုပ်စု ဆဲ လဲ |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုး ခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု (သိန်း) | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ရွှေအောင် (ဗိုလ်ကျော်) | မှတ်ပုံတင် ကျောက်ခင်း | ၁၈၅၅' x ၁၂' "၄" | ၂၆၅ | ☐အမျိုးသား ☑အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | ၃၄ | | | | ၃၄ |
| ရွာသစ်ကျွန်း | ကွန်ကရစ်ဓါး ဗိုင် | ၂၂-ဗိုင် | ၄၁၃ | ☐အမျိုးသား ☑အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | ၄၈ | | | | ၄၈ |
| တကျောင်းကျွန်း | ကွန်ကရစ်ဓါး ဗိုင် | ၂၄-ဗိုင် | ၂၆၈ | ☐အမျိုးသား ☑အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | ၅၂ | | | | ၅၂ |
| | | | | ☐အမျိုးသား | | | | | |

ပုံစံPC-၄ကျေးရွာ ခွဲခွေးချယ်ခြင်းပုံစံ

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦး[illegible] ၊ ဒေါ်[illegible] ၊ ဦး[illegible] (TF | | | |
| နေ့စွဲ ၁၇.၁.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(√)□စက်ဝန်း(၁) ☒စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း- ဧရာဝတီ | မြို့နယ်- ကြံခင်း | ကျေးရွာအုပ်စု [illegible] | |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုး ခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု သိန်း | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| [illegible] | ရွာတွင်းချောင်း အကျယ်ချဲ့ | ၁၂၆၅'×၁'×၄ | ၄၂၀ | □အမျိုးသား □အမျိုးသမီး ☒အမျိုးသားနှင့် အမျိုးသမီး | ၂၂ | | | | ၂၂ |
| [illegible] | ရွာတွင်းချောင်း အကျယ်ချဲ့ | ၁၂၃၀'×၁'×၄ | ၂၄၃ | □အမျိုးသား ☒အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၂၇ | | | | ၂၇ |
| [illegible] | [illegible] | ၃၀'×၂၀'×၃၀' | ၄၆၆ | ☒အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၇၅ | | | | ၇၅ |
| | | | | □အမျိုးသား | | | | | |

ပုံစံPC-၄ကျေးရွာ … ခွဲဝေချယ်ခြင်းပုံစံ

| | |
|---|---|
| လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးသိန်းဇော် ၊ ဒေါ်အောင်မြင့်ဦး ၊ ဦးသန့်ဆိုင် (TF) | |
| နေ့စွဲ ၁၇.၁.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(√)□စက်ဝန်း(၁) ☑စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း- ဧရာဝတီ မြို့နယ်- ကြံခင် | ကျေးရွာအုပ်စု ဆုံလဲ |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုး ခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု သိန်း | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | |
| ဓနိ | ရွာတွင်းချောင်း ကျောက်ခင်း | ၁၃၉၉'×၁၂' ×၄" | ၁၃၇ | ☑အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့် အမျိုးသမီး | ၃၀ | | | | ၃၀. |
| ဆုံလဲ | ရွာတွင်း၊ရွာမြင့် ချောင်းကျောက်ခင်း | ၁၇၀၀'×၁၂'×၄" | ၄၇၉ | □အမျိုးသား<br>☑အမျိုးသမီး<br>□အမျိုးသားနှင့် အမျိုးသမီး | ၃၃ | | | | ၃၃ |
| ဘဲဖြူကုန်း | ဈေးကုန်၊ဈေးတွင်း ရေဆောက်ခုံ၊ရေဖြန့် ထိန်း | ဆိုက်(၁၀၀၀) (၇'×၇'×၄')ရေ(ကန်) ၉'×၈'×၇'ရေ ဆောက်ခုံ | ၄၅ | □အမျိုးသား<br>☑အမျိုးသမီး<br>□အမျိုးသားနှင့် အမျိုးသမီး | ၂၈ | | | | ၂၈ |
| | [illegible] | လ(၉၀၀)ရ ဖုံ လ ရ | | □အမျိုးသား | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| သသမြကျော် | ကွန်ကာရှစ်မီး ဝိုင် | ၁၅-ဝိုင် | ၂၂၀ | ☑အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | ၃၃ | | | ၃၃ |
| ဒါပြသား | ကွန်ကာရှစ်မီး ဝိုင် | ၄၆-ဝိုင် | သာရှိ | ☑အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | ၄၂ | | | ၄၂ |
| ဒေါ်မြ | ရွာသွင်းချောင်း ကျောက်ဆယ် | ၂၄ရပ်ကွက်-၁၂ ၄ | ၃၅၆ | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့်<br>အမျိုးသမီး | ၃၀ | | | ၃၈ |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ အမည် ဦးအောင်စောဟျ ၊ ဓါပြေဖာဗွာ ဦး

လက်မှတ် Thenda ရက်စွဲ ၁၅.၅.၂၀၁၅

## ၁၃။ ကြံခင်း မြို့နယ်၊ ဆုံလဲအုပ်စု၊ ဆိပ်သာ ကျေးရွာ အစည်းဝေးမှတ်တမ်း

ပထမအကြိမ် အစည်းအဝေးမှတ်တမ်း

၅. ၁ . ၂၀၁၇

အစည်းအဝေးကို ၁၂.၀၀နာရီတွင် စတင်ခဲ့ပြီး၊ ရပ်မိရပ်ဖ တစ်ဦးမှအဖွင့်အမှာ စကား ပြောကြား၊ လူထုဗဟိုပြုစီမံကိန်းကို ကျေးရွာမှကြိုဆိုကြောင်း၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်တိုက်တွန်း

- လူထုစည်းရုံးရေးမှူး ဦးသိန်းဇော်မှ မိတ်ဆက်
- CF ဦးသိန်းဇော်မှ စီမံကိန်းမိတ်ဆက်နှင့် စီမံကိန်းစက်ဝန်း အပိုင်း ၆ခု၊ အဆင့် ၁၄ဆင့်အား ရှင်းပြ
- CF ဦးသိန်းဇော်မှ အကြံပြုတိုင်ကြားဖြေရှင်းရေးစနစ် နှင့် ကျား၊ မ တန်းတူအခွင့်ရေးရရှိနိုင်မှုအားဆက်လက်ရှင်းပြ
- စီမံကိန်းတွင်ပါဝင်သူများနှင့် ၎င်းတို့၏လုပ်ငန်းတာဝန်များအကြောင်းကို CF ဦးသိန်းဇော်မှ ရှင်းပြ
- စီမံကိန်းတွင်ပါဝင်သူများ၏ ဆောင်ရန်၊ ရှောင်ရန်များကို CF ဦးသိန်းဇော်မှ ရှင်းပြ
- စေတနာ့ဝန်ထမ်းရွေးချယ်ခြင်း၊အမျိုးသားစေတနာ့ဝန်ထမ်းအဖြစ်ဦးသန်းစိုး၊ဦးလှဝင်းအား ကျေးရွာလူထု၏ ဆန္ဒဖြင့်ရွေးချယ်တင်မြှောက်အမျိုးသမီး စေတနာ့ဝန်ထမ်းအ ဖြစ် ဒေါ်ပပလင်း၊ ဒေါ်သန်းသန်းအေး အား ကျေးရွာလူထု၏ဆန္ဒဖြင့် ရွေးချယ်တင်မြှောက်၊ ကန့်ကွက်သူမရှိအတည်ပြုခဲ့သည်။

လူမှုဆန်းစစ်ချက်ဖြစ်သည့်

- လူမှုနှင့် သဘာဝအရင်းမြစ်ပြမြေပုံအား ရွာသူ/သားများဖြင့် ဦးဆောင်၍ ရွာသားများ ပူးပေါင်းရေးဆွဲ
- ရာသီခွင်ပြ ပြက္ခဒိန်အား ရွာသူ/သားများမှ ဦးဆောင်၍ ပြုလုပ်ခဲ့ကြသည်။
- ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်ချက်အား CF ဦးသိန်းဇော်နှင့် ရွာသူ၊ ရွာသားများပူးပေါင်း၍ အဆင့်သတ်မှတ်ရွေးချယ်ခဲ့
- အရင်းမြစ်များပေါ်တွင် အသုံးပြုမှုနှင့် လွှမ်းမိုးထိန်းချုပ်မှုအား ရွာသားများအား မေးခွန်းများမေး၍ အကြောင်းအရာများကို စာရွက်များပေါ်တွင် ရေးသားစေပြီး ဖော်ထုတ်ခဲသည်။
- ပင့်ကူအိမ်သုံးသပ်ချက်အား အမျိုးသား၊ အမျိုးသမီးအုပ်စုခွဲ၍ သုံးသပ်ခဲ့ကြသည်။
- ဖွဲ့စည်းချိတ်ဆက်မှု Venn Diagram အား CF ရွာသားများနှင့် ဆောင်ရွက်
- လူမှုဆန်းစစ်ချက် (PRA) များ အနှစ်ချုပ်ရည်ရွယ်ချက်များကို CF ဦးသိန်းဇော်မှရှင်းပြ
- အခက်အခဲပြဿနာများအား မေးခွန်းများနှင့် အပြန်အလှန် အဖြေများ ရေးသား၍ဖော်ထုတ်
- ကျေးရွာမျှော်မှန်းချက်ကို အမျိုးသား၊ အမျိုးသမီး အုပ်စုများခွဲ၍ ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးကို ညနေ ၅း၀၀နာရီတွင် ရပ်နားခဲ့သည်။

## ၁၃။ ကြံခင်းမြို့နယ်၊ ဆုံလဲအုပ်စု၊ ဆိပ်သာ ကျေးရွာ အစည်းဝေးမှတ်တမ်း

ဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း

အစည်းအဝေးကနေ့လည် ၁၂းဂဂနာရီတွင် စတင်ခဲ့ပြီး CF ဦးသိန်းဇော်မှ ဒုတိယနေ့အစည်းအဝေး ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြား

- ၄ နှစ်စာဦးစားပေးလုပ်ငန်းများကို အမျိုးသား၊ အမျိုးသမီးများကိုယ်တိုင်ရေးသား ဖော်ထုတ်ခဲ့ကြသည်။
- လူမှုနှင့် သဘာဝအကာအကွယ်များအကြောင်း ရှင်းပြ
- စီမံကိန်းအကျုံးဝင်မှုနှင့် မဝင်မှုအကြောင်းကို ရှင်းလင်း
- ကျေးရွာဦးစားပေးစီမံကိန်းလုပ်ငန်းများကို အမျိုးသား၊ အမျိုးသမီးအုပ်စုများခွဲ၍ အဆိုပြုစေခဲ့ပြီး၊ ဦးစားပေးအဆင့်လိုက်မဲခွဲဆုံးဖြတ် အောက်ပါအတိုင်းရရှိခဲ့သည်။

| | | |
|---|---|---|
| ဦးစားပေး (၁) | ကွန်ကရစ်မီးတိုင်၊ | ၁၁၆မဲ |
| ဦးစားပေး (၂) | ရေဖြန့်ဝေရေး | ၅၁ မဲ |
| ဦးစားပေး (၃) | ခန်းမဆောင် | |
| ဦးစားပေး (၄) | စာကြည့်တိုက် | |
| ဦးစားပေး (၅) | ဈေးမြေနေရာ | |
| ဦးစားပေး (၆) | မီးသတ်ကား | |
| ဦးစားပေး (၇) | ဆိုလာမီး စသည်ဖြင့်သတ်မှတ်နိုင်ခဲ့သည်။ | |

ကျေးရွာစီမံကိန်းထောက်ကူပြုကော်မတီဝင်များ၏ တာဝန်နှင့် ဝတ္တရားများအကြောင်းကို ရှင်းလင်းတင်ပြ

ကျေးရွာစီ/ထောက် ကော်မတီဖွဲ့စည်းရာတွင် ကျေးရွာမှ မဲစနစ်ဖြင့်ရွေးချယ်ခြင်းမပြုရန်နှင့် အရည်အချင်းရှိသူများကို အများသဘောတူ ရွေးချယ်တင်မြှောက်ရန် ဆန္ဒပြုလာကြသဖြင့် ဝိုင်းဝန်းရွေးချယ်ကြရာ

- ကျေးရွာစီ/ထောက် ဥက္ကဌ — ဦးဌေးဝင်း၊ ဒေါ်ပန်းဝေ
- ဝယ်ယူရေးဆပ်ကော်မတီ — ဦးအောင်ကိုလွင်၊ ဒေါ်စန္ဒာဝင်းမြင့်
- စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ — ဒေါ်မွေးမွေးချို ၊ ဦးခင်နိုင်
- လည်ပတ်ရေးနှင့် ပြုပြင်ထိန်း ဒေါ်နီလာဝင်း၊ ဦးနန္ဒကျော်
- သိမ်းရေးဆပ်ကော်မတီ
- အကြံပြုတိုင်ကြားဖြေရှင်းရေး ဦးသန်းထွန်း၊ ဒေါ်သန္တာအောင် ဆပ်ကော်မတီ
- ကျေးရွာငွေစာရင်းကိုင် — ဦးခင်စိုး

  စသည်ဖြင့် အများသဘောတူဖွဲ့စည်းခဲ့ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး စာအုပ်အကြောင်း ရှင်းလင်းပြောပြပြီး

အစည်းအဝေးကို ညနေ ၅းဂဂနာရီတွင် ကျေးဇူးတင်စကားပြောကြား၍ ပိတ်သိမ်းခဲ့သည်။

# ၁၄။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ကွန်ကရစ်မီးတိုင်၊ မီးကြိုး | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | ရေဖြန့်ဝေရေး | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | ခန်းမဆောင် | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၄ | စာကြည့်တိုက် | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၅ | | | | | |
| အသက်မွေးဝမ်းကြောင်း/ စီးပွားရေး | ၁ | လယ်ယာစိုက်ပျိုးရေးသင်တန်း | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | အိမ်းတွင်းမှုသင်တန်း | မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၃ | မွေးမြူရေးသင်တန်း | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ဆေးဝါးထောက်ပံ့မှု | မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | ၁ | ပညာသင်စရိတ်ထောက်ပံ့မှု | မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၁ | မီးသတ်ကား | ကျား | ၂၀၁၇ | | မီးသတ်ဦးစီးဌာန |
| | ၂ | ဆိုလာမီး | ကျား | ၂၀၁၇ | | ကျေးလက်ဌာန |
| | ၃ | ဈေးမြေနေယာ | မ | ၂၀၁၇ | | ကျေးလက်ဌာန |
| | | | | | | |
| | | | | | | |